# လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်း ဆိုင်ရာအထောက်အထားလက်မှတ် ပတခ (ဝင) - ၁၅ (က) နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း

ဒေါ်နှင်းဖြူဝင်း
ဒုတိယညွှန်ကြားရေးမှူး
ငွေစာရင်းနှင့်ဘတ်ဂျက်ဌာနခွဲ

# လစာ၏အဓိပ္ပာယ်ဖွင့်ဆိုချက်

- လစာဆိုရာတွင် အလုပ်ရှင်ထံမှရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား ရရှိသည့်အခကြေးငွေ သို့မဟုတ် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်အားလုံး အကျုံးဝင်ပါသည်။

# လစာဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိသူများ

- ပြည်ပတွင် နိုင်ငံခြားငွေဖြင့် လစာရရှိသော ပြည်ပနေနိုင်ငံသား
- နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ် (၄၈) သိန်းအထိသာရရှိသည့် ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများ

# လစာဝင်ငွေခွန်ပေးဆောင်ရမည့်သူ

- နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ် ၄၈ သိန်းအထက်ရရှိသည့် ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများ
- ပြည်တွင်းမှ လစာဝင်ငွေရရှိသည့် ပြည်ပနေနိုင်ငံခြားသား



# ပေးသွင်းရမည့်ငွေကြေးအမျိုးအစား

- ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသား ➡ ကျပ်ငွေ
- ပြည်ပနေနိုင်ငံခြားသား ➡ ရရှိသည့်ငွေကြေးအမျိုးအစား



# လစာဝင်ငွေခွန်နှုန်း

- နှစ်တစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းလစာဝင်ငွေမှ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ်တွင် ကျသင့်ဝင်ငွေခွန်ကို တွက်ချက်ရမည့် နှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | နှုန်း | ကျသင့်အခွန် | အဆင့်ဆင့် ကျသင့်အခွန် |
|---|---|---|---|---|---|
| | မှ (ကျပ်) | ထိ(ကျပ် | | | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀% | ၀ | ၀ |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅% | ၄၀၀,၀၀၀ | ၄၀၀,၀၀၀ |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀% | ၂,၀၀၀,၀၀၀ | ၂,၄၀၀,၀၀၀ |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅% | ၃,၀၀၀,၀၀၀ | ၅,၄၀၀,၀၀၀ |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀% | ၄,၀၀၀,၀၀၀ | ၉,၄၀၀,၀၀၀ |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅% | | |

# သက်သာခွင့်များ

- အခြေခံသက်သာခွင့် (ကျပ်သိန်း၁၀၀ထက်မပိုစေရ) - စုစုပေါင်းဝင်ငွေ၏ ၂၀%
- အတူနေမိဘတစ်ဦးလျှင် - ကျပ် ၁၀ သိန်းစီ
- အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် - ကျပ် ၁၀ သိန်း
- သားသမီးတစ်ဦးလျှင် - ကျပ် ၅ သိန်းစီ
- အသက်အာမခံအတွက် ပေးသွင်းသည့်ပရီမီယံ
- လူမှုဖူလုံရေးရန်ပုံငွေသို့ အမှန်ထည့်ဝင်ငွေ

# လစာဝင်ငွေခွန်ပေးဆောင်နိုင်သည့်နည်းလမ်းများ

- အီလက်ထရောနစ်နည်းလမ်းဖြင့် လစာဝင်ငွေခွန်ပေးဆောင်ခြင်း

  မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ငွေပေးချေမှုကွန်ယက် CBM-Net ကို အသုံးပြု၍ ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် အခွန်ပေးဆောင်ခြင်း

  ပုဂ္ဂလိကဘဏ်များ၏ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (Internet Banking၊ Mobile Banking၊ Mobile Payment) ကို အသုံးပြု၍ မိုဘိုင်းပေးချေမှုစနစ်ဖြင့် အခွန်ပေးဆောင်ခြင်း

  e-Commerce ဖွင့်လှစ်ထားသော MPU Debit Card/ MPU Coporate Debit Card အသုံးပြု၍ အခွန်ပေးဆောင်ခြင်း

- ငွေသား၊ ချက်လက်မှတ်ဖြင့် လစာဝင်ငွေခွန်ပေးဆောင်ခြင်း

# ယခင်ကထုတ်ပေးခဲ့သည့် လစာဝင်ငွေခွန်ပေးဆောင်မှုအထောက်အထား

- **ယခင်က** လစာဝင်ငွေခွန်ပေးသွင်းမှုအတွက် အခွန်ပေးဆောင်မှုမှတ်တမ်း စာအုပ် (တစ်ဦးချင်း၏ဝင်ငွေခွန်) တွင် တိုက်ဆိုင်စစ်ဆေးဖြည့်သွင်း၍ မြို့နယ်အခွန်ဦးစီးဌာနမှူးက မှတ်တမ်းတင်လက်မှတ်ရေးထိုးပေးခြင်း ကိုဆောင်ရွက်ခဲ့ပါသည်။



ဒါပေမဲ့ အဆိုပါစာအုပ်တွင် ဖြည့်သွင်း/ လက်မှတ်ရေးထိုးပေးခြင်းကို ၂၀၂၁ စက်တင်ဘာလ လစာအပေါ် ဝင်ငွေခွန် ပေးဆောင်ခြင်း အထိသာ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

# ယခုထုတ်ပေးရမည့် လစာဝင်ငွေခွန်ပေးဆောင်မှုအထောက်အထား

- ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ လစာအပေါ် လစာဝင်ငွေနုတ်ယူပေးသွင်းချိန်မှစ၍ အခွန်ပေးဆောင်မှုမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပေးခြင်း မပြုပါ။

- လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် ပတခ(ဝင)၁၅-(က) ကို လစာဝင်ငွေခွန်နုတ်ယူပေးသွင်းသူ (ငွေထုတ်သူအရာရှိ/ တာဝန်ခံအရာရှိ) များက **သက်ဆိုင်ရာဝင်ငွေနှစ်ကုန်ဆုံးချိန်တွင်** လစာဝင်ငွေခွန်နုတ်ယူခံရသူများသို့ ထုတ်ပေးရမည်ဖြစ်ပါသည်။

# ပတခ (ဝင) ၁၅- (က) စတင်အသုံးပြုမည့်ကာလ

- ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးသည့်ဝင်ငွေနှစ်အတွက်မှ စတင်၍ အသုံးပြုပါမည်။

- လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာအထောက်အထားလက်မှတ် ပတခ(ဝင)-၁၅ (က) ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm ၏ Home Page>>Media>> Form for SAS Tax Office>>ဝင်ငွေကြေညာလွှာခေါင်းစဉ်အောက်ရှိ ပုံစံများမှ **Download** ရယူနိုင်ပါသည်။

# လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် ပတ၁ခ (ဝင)-၁၅ (က) နမူနာပုံစံ

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

ပတ၁ခ(ဝင)-၁၅(က)

**လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ်**

[ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)အရ]

**လစာဝင်ငွေခွန်နုတ်ယူခြင်းခံရသူ**

ဝန်ထမ်းအမည်------------------------------

ရာထူး/ တာဝန်------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------------

နေရပ်လိပ်စာ------------------------------

------------------------------

ယခင်အခွန်ပေးသွင်းခဲ့သည့်ရုံး ------------------------------

ယခင်အခွန်ထမ်းမှတ်ပုံတင်အမှတ်------------------------------

**လစာဝင်ငွေခွန်နုတ်ယူပေးသွင်းသူ**

ကုမ္ပဏီ/ ဌာန/ အဖွဲ့အစည်းအမည်------------------------------

------------------------------

အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN)------------------------------

လိပ်စာ------------------------------

------------------------------

စည်းကြပ်မှုခံယူသည့်အခွန်ရုံး ------------------------------

------------------------------

၂၀ -၂၀ ဘဏ္ဍာနှစ်

| စဉ် | လအမည် | ရရှိသည့် လစာဝင်ငွေ စုစုပေါင်း (ကျပ်) | ပေးဆောင်သည့် အခွန်(ကျပ်) | အခွန်ငွေပေးသွင်းမှု အထောက်အထား အမှတ် | လက်မှတ်တို |
|---|---|---|---|---|---|
| ၁ | အောက်တိုဘာ | | | | |
| ၂ | နိုဝင်ဘာ | | | | |
| ၃ | ဒီဇင်ဘာ | | | | |
| ၄ | ဇန်နဝါရီ | | | | |
| ၅ | ဖေဖော်ဝါရီ | | | | |
| ၆ | မတ် | | | | |
| ၇ | ဧပြီ | | | | |
| ၈ | မေ | | | | |
| ၉ | ဇွန် | | | | |
| ၁၀ | ဇူလိုင် | | | | |
| ၁၁ | ဩဂုတ် | | | | |
| ၁၂ | စက်တင်ဘာ | | | | |
| စုစုပေါင်း | | | | | |



**သက်သာခွင့်များ**

(က) အခြေခံခွင့်ပြုငွေ (၂၀%) – ------------------------------ ကျပ်

(ခ) ခံစားခွင့်ရှိသည့် အတူနေမိဘ ( ) ဦး ရှိပါသည်။

(ဂ) အိမ်ထောင်ဖက် ☐ ရှိ ၊ ☐ မရှိ။

(ဃ) ခံစားခွင့်ရှိသည့် သား/ သမီး ( ) ဦးရှိပါသည်။

(င) ဝန်ထမ်းနှင့် အိမ်ထောင်ဖက်အတွက် အသက်အာမခံပရီမီယံ ပေးသွင်းငွေ ------------------------------ ကျပ်

(စ) လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းရန် နုတ်ယူခြင်းခံရသည့် ငွေ ------------------------------ ကျပ် ဖြစ်ပါသည်။

အထက်ပါ အချက်အလက်များ မှန်ကန်ပါသည်။

**နုတ်ယူခြင်းခံရသူ၏ လက်မှတ်**

**သတိပေးချက်**

၁။ နုတ်ယူထားသည့် လစာဝင်ငွေခွန်ကို နုတ်ယူသည့်နေ့မှ (၁၅) ရက် အတွင်း ပေးသွင်းရမည်။ [ဝင်ငွေခွန်စည်းမျဉ်း ၁၄ (ခ)]

၂။ နုတ်ယူပေးသွင်းသည့်လစာဝင်ငွေခွန်ကို နုတ်ယူပေးသွင်းခြင်း မပြုလျှင် ပျက်ကွက်သူအဖြစ် နုတ်ယူခြင်းခံရမည်ဖြစ်ပြီး၊ နုတ်ယူခြင်း မရှိသည့်အခွန်အား ပေးဆောင်ရန် တာဝန်ရှိစေရမည်။ [အခွန်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၇၄ ပုဒ်မခွဲ (ဂ)]

၃။ နုတ်ယူပေးသွင်းသည့်လစာဝင်ငွေခွန်ကို သတ်မှတ်ထားသည့်အချိန်အတွင်း ပေးသွင်းရန်ပျက်ကွက်ပါက ပေးဆောင်ရန်ပျက်ကွက်သော ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။ [အခွန်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၇၄ ပုဒ်မခွဲ (ဃ)]

၄။ နုတ်ယူထားသော လစာဝင်ငွေခွန်နှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များကို နုတ်ယူသည့်နေ့မှ (၁၅) ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ရမည်။ [ဝင်ငွေခွန်စည်းမျဉ်း ၁၄ (ဂ)]

အထက်ပါ အချက်အလက်များ မှန်ကန်ပါသည်။

(နုတ်ယူ ပေးသွင်းသူ ရုံးတံဆိပ်)

လက်မှတ်------------------------------

အမည် ------------------------------

တာဝန် ------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------------

ကုမ္ပဏီ/ ဌာန/ အဖွဲ့အစည်း ------------------------------

------------------------------

လက်မှတ်ထုတ်ပေးသည့်နေ့ ........./........./..........

( ရက် / လ / ခုနှစ် )

**ရှင်းလင်းချက်**

၁။ နိုင်ငံခြားသားဖြစ်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်နေရာတွင် Passport No. အား ဖော်ပြရန်။

၂။ ယခင်အခွန်ပေးသွင်းခဲ့သည့်ရုံး/ ယခင် အခွန်ထမ်း မှတ်ပုံတင်အမှတ်ရှိပါက ဖြည့်သွင်းရန်၊ မရှိပါက ဖြည့်သွင်းရန် မလို။

၃။ **လစာဝင်ငွေစုစုပေါင်း**ကော်လံတွင် လအလိုက် ရရှိသည့် လစာနှင့် အခြားထုတ်ပေးငွေများ ပေါင်း၍ ဖြည့်သွင်းရန် ဖြစ်ပါသည်။

၄။ **အခွန်ငွေပေးသွင်းမှု အထောက်အထား** ကော်လံတွင် ပတ၁ခ (e- Payment) -၁ ၏ CCT Notification Reconciliation No. နှင့် ပတ၁ခ(e-Payment) -၂ ၏ MPU Reference No. တို့အား ဖြည့်သွင်းရန် ဖြစ်ပါသည်။

၅။ **လက်မှတ်တို** ကော်လံနှင့် **နုတ်ယူပေးသွင်းသူ၏ လက်မှတ်**နေရာတွင် BOD အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာက လက်မှတ်ရေးထိုးရန် ဖြစ်ပါသည်။

**မှတ်ချက်။** ဤအထောက်အထားလက်မှတ်အား သာမန်အားဖြင့် တစ်နှစ်လျှင် တစ်ကြိမ်သာ ဝန်ထမ်းသို့ ထုတ်ပေးရန် ဖြစ်ပါသည်။ ဝန်ထမ်းက မိမိရုံးတွင် ဆက်လက်လုပ်ကိုင်ခြင်းမရှိပါက လစာနောက်ဆုံးထုတ်ပေးသည့် လအထိသာ ရေးသွင်းရန်ဖြစ်ပြီး ကျန်လများအား ကန့်လန့်ဖြတ်မျဉ်းရေးဆွဲ၍ ပယ်ဖျက်ရမည် ဖြစ်ပါသည်။

# လစာဝင်ငွေခွန်ပေးဆောင်ရမည့်အချိန်ကာလနှင့် ငွေထုတ်သူအရာရှိများ ဂရုပြုရမည့်အချက်များ

- တစ်နှစ်အတွက် ကျသင့်သည့်လစာဝင်ငွေခွန်ကို ခန့်မှန်းတွက်ချက်၍ လစာထုတ်ပေးသည့်အချိန်တွင် အတတ်နိုင်ဆုံး အညီအမျှအရစ်များဖြင့် နုတ်ယူပြီး **သက်ဆိုင်ရာလကုန်ဆုံးပြီး (၁၅) ရက်အတွင်း** သက်ဆိုင်ရာ အခွန်ရုံး၏ဘဏ်စာရင်းသို့ ပေးသွင်းရန်၊

- လစာဝင်ငွေခွန်ပေးဆောင်သောအခွန်ထမ်းနှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များကို ပတခ(ဝင)-၁၅ ပုံစံ (ပတခ(ဝင)-၀၃-၀၆) တွင် ဖြည့်သွင်းပြီး လစာဝင်ငွေခွန်နုတ်ယူသည့်နေ့မှ (၁၅) ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ရန်၊

# ငွေထုတ်သူအရာရှိများ ဂရုပြုရမည့်အချက်များ

- ငွေထုတ်သူအရာရှိမှ ဝန်ထမ်းများ၏ လစာဝင်ငွေခွန်ကို ပိုမိုနုတ်မိလျှင်သော်လည်းကောင်း၊ လျော့နည်းနုတ်မိလျှင်သော်လည်းကောင်း ကျန်အရစ်သို့မဟုတ် အရစ်များကိုလျှော့၍ဖြစ်စေ၊ တိုး၍ဖြစ်စေ နုတ်ယူပေးသွင်းရန်၊
- လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာအထောက်အထားလက်မှတ် ပတခ(ဝင)-၁၅(က) တွင် အချက်အလက်များ ပြည့်စုံစွာရေးသွင်းပြီး လစာဝင်ငွေခွန်နုတ်ယူခံရသူများသို့ နှစ်စဉ်ထုတ်ပေး၍ မူရင်းခွဲအား မှတ်တမ်းထားရှိရန်၊

# ငွေထုတ်သူအရာရှိများ ဂရုပြုရမည့်အချက်များ

- လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် ပတခ(ဝင)-၁၅ (က) ပုံစံ၏ **စာမျက်နှာ (၂) ခုအား ကျောကပ်၍ စာရွက်တစ်ရွက်တည်း** ထုတ်ပေးရန်၊

- ပတခ(ဝင)-၁၅ (က) ထုတ်ပေးရာတွင် မိမိရုံး၌ ပထမဆုံးလစာနုတ်ယူပေးသွင်းသည့်လမှစ၍ ရေးသွင်းပေးရန်၊

- မိမိရုံးတွင် ဆက်လက်လုပ်ကိုင်ခြင်းမရှိပါက လစာနောက်ဆုံးနုတ်ယူသည့်လအထိသာ ရေးသွင်းရန်နှင့် မိမိရုံးတွင် လုပ်ကိုင်ခြင်းမရှိသည့်လများအား ကန့်လန့်ဖြတ်မျဉ်းရေးဆွဲ၍ ပယ်ဖျက်ပေးရန်၊

# ငွေထုတ်သူအရာရှိများ ဂရုပြုရမည့်အချက်များ

- အလုပ်ဌာနပြောင်းရွှေ့သွားသည့်ဝန်ထမ်းအား ပတခ(ဝင)-၁၅(က) မှုရင်းကို ထုတ်ပေးသည့်အပြင် အလုပ်/ဌာနသစ်ရှိ လစာဝင်ငွေခွန်နုတ်ယူပေးသွင်းသူသို့ ပေးအပ်နိုင်ရန်အတွက် မှုရင်းခွဲကိုလည်းထုတ်ပေးရန်၊

- မှုရင်းခွဲလက်ခံရရှိသော ပြောင်းရွှေ့သည့်ဌာနအသစ်ရှိ လစာဝင်ငွေခွန် နုတ်ယူသူအနေဖြင့် မှုရင်းခွဲပါလစာဝင်ငွေခွန်ပမာဏနှင့် မိမိအလုပ်/ဌာန မှထုတ်ပေးမည့် လစာဝင်ငွေခွန်ပမာဏကို ဘဏ္ဍာနှစ်တစ်နှစ်စာအတွက် လစာဝင်ငွေခွန်တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရန်။

# ငွေထုတ်သူအရာရှိများ ဂရုပြုရမည့်အချက်များ

- ငွေထုတ်သူအရာရှိသည် လစာနှစ်ချုပ်စာရင်း ပတခ (ဝင)-၁၆ (ပတခ (ဝင)-၀၃-၀၇) ကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဝင်ငွေနှစ်ကုန်ဆုံးပြီး (၃) လအတွင်း ပေးပို့ရမည်။

ပတခ(ဝင)-၁၆

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၃ အရ ပေးပို့ရမည့် လစာနှစ်ချုပ်စာရင်း [ ဝင်ငွေခွန်ဥပဒေပုဒ်မ (၁၈) ညွှန်း]

၂၀------------ခု၊ ------------လ၊-------- ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

(ကျပ်)

ပေးပို့သည့်ရက်စွဲ .................................................

| အမှတ်စဉ် | လခစားအမည် | ရာထူး/ အလုပ်အကိုင် | တစ်နှစ်အတွက် လစာ သို့မဟုတ် လုပ်ခများ | အခြားထုတ်ပေးငွေများ | စုစုပေါင်း (၄)+(၅) | အိုးနှာစာ ရန်ပုံငွေသို့ ထည့်ဝင်ငွေ | အသက်အာမခံ ပရီမီယံ ပေးငွေ | နည်းဥပဒေများဖြင့်ပြဋ္ဌာန်းထားသည့် စုဆောင်းငွေ | ပေးငွေ စုစုပေါင်း (၇)+(၈)+(၉) | အိမ်ထောင်ဖက် တွင်ထိုနှစ်အတွင်း ဝင်ငွေခွန် စည်းကြပ်ထိုက်သောဝင်ငွေ ရှိ/ မရှိ | သားသမီး ဦးရေ | အတူနေ မိဘ ဦးရေ | နုတ်ယူထားသော ဝင်ငွေခွန် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) |
| | | | | | | | | | | | | | |

အထက်တွင်ဖော်ပြထားချက်များသည် ကျွန်ုပ်သိရှိယုံကြည်သမျှ မှန်ကန်ပြည့်စုံသည်ဖြစ်ပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

ရှင်းလင်းချက်။

(၁) အခြားထုတ်ပေးငွေဆိုရာတွင် စာတိုင်(၄)တွင် မပါဝင်သော ထုတ်ပေးငွေများဖြစ်သည်။(နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ ကော်မရှင်၊ အခြားအခွင့်အရေးများ။ လစာနှင့်လုပ်ခတို့အပြင် ထပ်ဆောင်းရရှိသည့်အခကြေးငွေ စသည် တို့ပါဝင်သည်။)

(၂) စာတိုင် (၁၂) ပါ သားသမီးဆိုရာတွင် နည်းဥပဒေ၃(ခ)အရ သက်သာခွင့်ရထိုက်သော လင်ပါမယားပါသားသမီးများနှင့် ဥပဒေတစ်ရပ်ရပ်နှင့်အညီ မွေးစားသော သားသမီးများလည်း ပါဝင်သည်။

(၃) ဤစာရင်းပြုလုပ်ရသော နှစ်မတိုင်မီ အိမ်ထောင်ကျပြီးသော သားသမီးများနှင့် ဝင်ငွေနှစ်တွင် ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် ဝင်ငွေရရှိသော သားသမီးများအတွက် သက်သာခွင့်များ ခံစားခွင့်များ ရထိုက်ခြင်းမရှိသဖြင့် ဤစာရင်းတွင် ဖော်ပြခြင်းမပြုပါ။

(၄) ဤစာရင်းတွင် ထည့်သွင်းဖော်ပြသည့် အခွန်ထမ်းနှင့်အတူနေမိဘများမှာ ဝင်ငွေနှစ်အတွင်း ဝင်ငွေမရရှိသောသူများဖြစ်ပြီး အခြားအခွန်ထမ်းတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါ။

(၅) ဤစာရင်းတွင် ထည့်သွင်းဖော်ပြသည့် အိမ်ထောင်ဖက်မှာ အခွန်ထမ်းနှင့်အတူနေသည့် သို့မဟုတ် အခွန်ထမ်းကစရိတ်ထောက်ပံ့ထားသည့် အိမ်ထောင်ဖက်ဖြစ်သည်။

(၆) ဤစာရင်းသည် စာရင်းပြုလုပ်သည့်နှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် ဝင်ငွေရရှိသူများအတွက်သာ ဖြစ်ပါသည်။

(၇) အထက်ပါတင်ပြချက်များ မှန်ကန်မှုအတွက် ဝန်ထမ်းတစ်ဦးချင်းထံမှ စာဖြင့်ရေးသားထားသည့် ဝန်ခံချက်အသီးသီးကို အောက်တွင်လက်မှတ်ရေးထိုးသူထံတွင် ရရှိပြီးဖြစ်ပါသည်။

လက်မှတ်..............................................

အမည်..............................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..............................


ရာထူး..............................................

ကုမ္ပဏီ/ ဌာန/ အဖွဲ့အစည်း ..............................

..............................................

# ပတခ (ဝc) ၁၅-(က) ကို မည့်သည့်ကိစ္စများတွင် အသုံးပြုနိုင်မည်နည်း

- အခြေပစ္စည်း ဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ အခြားတစ်နည်းနည်းဖြင့် ရယူခြင်း ဆောင်ရွက်သည့်အခါ ဝင်ငွေရလမ်းတင်ပြရာတွင် ယခင်က အသုံးပြုခဲ့သည့် အခွန်ပေးဆောင်မှုမှတ်တမ်းစာအုပ်ကဲ့သို့ လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် ပတခ (ဝc)-၁၅ (က) ကိုလည်း တင်ပြနိုင်ပါသည်။



# အသိပေးပန်ကြားချက်


- ပြည်တွင်းအခွန်များဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်စသည့် အခွန်ထမ်းပြည်သူများ သိရှိလိုက်နာရမည့်ကိစ္စရပ်များ၊ ပုံစံများနှင့် အခြားအခွန်ဆိုင်ရာသတင်းအချက်အလက်များကို www.ird.gov.mm တွင် ဝင်ရောက်လေ့လာ၍ Download ရယူနိုင်ပါသည်။



# အသိပေးပန်ကြားချက်

- အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြားသိရှိလိုသည်များရှိပါက ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော် Ph ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇၃၄၃၀၅၃၃ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး Fax No ၀၁-၈-၃၈၉၃၁၁၊ Ph ၀၁-၈-၃၈၉၃၂၂ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) Ph ၀၂-၄၀၃၀၁၉၂ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။





# အမေးအဖြေကဏ္ဍ

- လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထား လက်မှတ် ပတခ(ဝင)-၁၅ (က) နှင့်စပ်လျဉ်း၍ မရှင်းလင်းသည့် အချက်များရှိပါက မေးမြန်းနိုင်ပါသည်။

# ကျေးဇူးအထူးတင်ပါသည်။

